

### ကန်တွင် ရေသြဇာဓာတ်တိုးပွားစေရန် မည်သို့ ပြုလုပ်ရမည်နည်း?

- ရေကို စိမ်းလန်းပြီး ရေမှော်များပေါများရန် သဘာဝမြေသြဇာများထည့်ပါ။
- ရေအရောင်စိမ်းလာသည်အထိ မြေသြဇာကို တစ်ရက်လျှင် လက်ဆွဲပုံး ၁-၂ ပုံး ဟာပါအပြင်မှ ထည့်ပေးပါ။

မိုးအုံ့သောနေ့တွင် မြေသြဇာမထည့်ပါနှင့်။

ပိုက်သားခြင်ထောင် (ဟာပါ) ကို တစ်ပတ်လျှင် တစ်ကြိမ် သန့်ရှင်းရေးလုပ်ပါ။







၈ ပါတ်ပြုစုပြီးသောအခါ (၄.၈-၇.၂) စင်တီမီတာ အရွယ်ငါးများကို အသားတိုးမွေးကန် သို့မဟုတ် စပါး-ငါး လယ်ကွင်းတွင် ထည့်သွင်းနိုင်ပြီဖြစ်သည်။



ငါးများကို ပြုစုပြီးသောအခါ ပိုက်သားခြင်ထောင် (ဟာပါ) ကို ပြန်လည်လျှော်ဖွတ် သန့်စင်ရမည်။

ပိုက်သားခြင်ထောင် (ဟာပါ) ကို နေပူတွင် လှန်းထားရမည်။

ဟာပါခြောက်သွေ့ပါက လုံခြုံသောအိပ်တွင်ထည့်၍ ကြွက်မကိုက်စေရန် သိမ်းဆည်းပါ။





inlandmysap@cgiar.org

EUROPEAN UNION

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

MOALI

# INLAND MYSAP

MYSAP
Myanmar Sustainable Aquaculture Programme

# ပိုက်သားခြင်ထောင် (ဟာပါ) ဖြင့် ငါးသားပေါက်ပြုစုခြင်း

Implemented by:

giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

WorldFish

# ပိုက်သားခြင်ထောင် (ဟာပါ) ဖြင့် ငါးသားပေါက်ပြုစုခြင်း






## ဘာကြောင့်ငါးသားပေါက်ပြုစုပါသလဲ?

- ငါးရှူ၊ ငါးရံ့စသော ငါးရိုင်းများအန္တရာယ်မှ ငါးသားပေါက်များကင်းဝေးစေရန်
- အသားတိုးမွေးကန်တွင် ရှင်သန်နှုန်းကောင်းမွန်ပြီး ငါးထွက်နှုန်းပိုကောင်းစေရန်

## ဘာတွေလိုအပ်ပါသလဲ?

- ခိုင်ခန့်သော ပိုက်သားခြင်ထောင် (ဟာပါ) တစ်လုံး၊ ဝါးလုံး (သို့မဟုတ်) သစ်သားတိုင်များ နှင့် ချည်နှောင်ရန် ကြိုးများလိုအပ်ပါသည်။
- ခြင်ထောင်အတွင်း ဂဏန်းငယ်များဝင်ရောက်ပြီး ကိုက်ဖြတ်နိုင်သဖြင့် ဂဏန်းများကိုရှင်းလင်းပါ။

## ဟာပါ၏အရွယ်အစားမည်မျှရှိရပါမည်လဲ?

- အရှည် ၆ ပေ၊ အကျယ် ၅ ပေ နှင့် အနက် ၃ ပေမှာ သင့်တော်ပါသည်။
- (၂ - ၃) ပတ်သား ငါးသားပေါက် ၁၀,၀၀၀ ကို အဆိုပါအရွယ်ဟာပါဖြင့်ပြုစုပါ။

## ကျွန်ုပ်တွင်ငါးအနည်းငယ်သာရှိလျှင် ဘယ်လိုမွေးရမလဲ?

- အရွယ်ငယ်သောဟာပါကို ပြုလုပ်ပါ။
- သို့မဟုတ် ဟာပါအကြီးတွင်လည်း ပြုစုနိုင်ပါသည်။

## ဟာပါကိုကန်အတွင်း မည်သည့်နေရာတွင်ချထားရပါမည်လဲ?

- မိမိ၏ငါးကန် သို့မဟုတ် ရေစီးနည်းပြီး သန့်ရှင်းသောရေကန်တွင် ဟာပါကိုချထားကြပါသည်။









## ဟာပါဖြင့်မည်သို့သောငါးအမျိုးအစားများကိုပြုစုနိုင်ပါသလဲ?

- တီလားပီးယား၊ ထိုင်းငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးကြင်း






## ဟာပါဖြင့်ပြုစုသောငါးမှာ မည်သည့်အရွယ်ဖြစ်သင့်ပါသလဲ?

- ငါးသားပေါက်သည် ၂ - ၃ ပတ်သား (၂.၄ စင်တီမီတာ) အရွယ်အစားရှိသင့်သည်။
- ဟာပါ ပိုက်ကွက်မှ မထွက်နိုင်သောငါးသားပေါက်အရွယ် ဖြစ်ရမည်။

## အစာမည်ကဲ့သို့ကျွေးရပါသလဲ?

- အရည်အသွေးကောင်းသည့် ဖွဲနုကို နေ့တိုင်းကျွေးရပါမည်။
- ၅၀ ဂရမ် ရှိသည့် ငါးအစာကို ချိန်ဆရန် ငါးသစ်တာဗူးခွံကို အသုံးပြုပါ။
- ခြကောင်များ၊ ကန်စွန်းပင်များ နှင့် ပလောပီနံရွက်များ စသည့်အခြားသောအစာများကို 4 ပတ် ပြည့်ပြီးနောက်ပိုင်းတွင် ရောနှောကျွေးပါ။

| | ဖွဲနုကိုချိန်ဆသည့် ငါးသစ်တာဗူး | | | |
|---|---|---|---|---|
| အပတ်စဉ် | မနက်ပိုင်း | ညနေပိုင်း | အခြားအစာ | မြေသြဇာ |
| 1 | 1 | 1 | | |
| 2 | 2 | 2 | | |
| 3 | 3 | 3 | | + |
| 4 | 4 | 4 | + | + |
| 5 | 5 | 5 | + | + |
| 6 | 6 | 6 | + | + |
| 7 | 7 | 7 | + | + |
| 8 | 8 | 8 | + | + |